ဤစာအုပ်မှာ အိပ်မက်အနက် ဖော်ဆောင်တဲ့နေရာမှာ အင်္ဂလိပ်အက္ခရာစဉ်အလိုက် ကြည့်ရှုနိုင်အောင် စီစဉ်ထားပါတယ်။ ရှေ့ပိုင်းမှာ ဖော်ပြခဲ့တဲ့ အိပ်မက်နဲ့ပတ်သက်တဲ့ အယူအဆ သဘောတရားများဟာ မူရင်းစာပြုသူ့ရဲ့ အာဘော်သာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ အယူအဆနဲ့ ကိုက်ညီတာ၊ မကိုက်ညီတာများလည်း ပါဝင်နိုင်ပါတယ်။ သို့သော်လည်း ဤစာအုပ်ကို ပြုစုသူဟာ အာရှဖွား စာရေးဆရာဖြစ်တာကြောင့် အိပ်မက်တွေအပေါ် ယုံကြည်မှုနဲ့ အနက်ဖော်ဆောင်တဲ့ အယူအဆပိုင်းမှာ ကျွန်တော်တို့ နိုင်ငံသားများနဲ့လည်း သဘောထားတူညီနိုင်ကြလိမ့်မယ်လို့ ယုံကြည်မိပါသည်။


mgyoe.com

(ဘာသာပြန်သူ)

mgyoe.com
mgyoe.com

mgyoe.com

# အိပ်မက်နှင့်ပတ်သက်သော
# နိုင်ငံတကာ အယူအဆများ



mgyoe.com

ဟေမာန်အိမ့်

mgyoe.com

mgyoe.com

mgyoe.com

# A

## Abandoned (စွန့်ပစ်ခံရခြင်း၊ အပယ်ခံရခြင်း)

သင့်ကို စွန့်ပစ်တာခံရတယ်၊ အပယ်ခံရတယ်လို့ အိပ်မက်မက်ခြင်းဟာ ခွဲခွာခြင်း၊ စွန့်ခွာခြင်း၊ သဘောကို ပြပါတယ်။ သင့်ရန်သူများက သင့်အိုးအိမ်နဲ့ စီးပွားဥစ္စာကို ဖျက်ဆီးမယ်လို့ဆိုပါတယ်။ တကယ်လို့ အိပ်မက်ထဲမှာ အပစ်ပယ်ခံရပြီးနောက်တစ်စုံတစ်ယောက်နဲ့ ဆုံတွေ့ရတယ်လို့ မြင်မက်ရင် သင့်ကိုကယ်တင်မယ့်သူပေါ်လာမှာပါ။

## Abdomen (ဝမ်းဗိုက်ပိုင်း)

သင့်ရဲ့ဝမ်းဗိုက်ပိုင်းနဲ့ပတ်သက်ပြီး အိပ်မက်မက်လျှင် နာမကျန်းဖြစ်နိုင်ပါတယ်။ အခြားသူတစ်ယောက်ရဲ့ ဝမ်းဗိုက်အကြောင်း မက်လျှင်တော့ သင်သိလိုတဲ့ လျှို့ဝှက်ချက်ကို သိရမှာပါ။

## Abduction (အဓမ္မဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း)

သင့်ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခံရတယ်လို့ အိပ်မက်မက်လျှင် သင် (သို့) သင့်မိသားစုဝင် တစ်ဦးဦးကို လိမ်လည်မှုနဲ့ အစွပ်စွဲခံရတတ်တယ်။

mgyoe.com

Ablaze (မီးလောင်ခြင်း)

သင့်အိမ်ကို မီးလောင်တယ်လို့ အိပ်မက်မက်လျှင်တော့ တစ်စုံတစ်ဦးကြောင့်ငွေကြေး၊ဥစ္စာဆုံးရှုံးရတတ်တယ်။သူတစ်ပါးအိမ်လောင်တာကို မြင်မက်လျှင်တော့ သင့်မှာ ငွေကြေးဥစ္စာရတတ်တယ်။



Abode(နေရာသစ်)

ပိုကောင်းတဲ့ အိမ်နေရာအသစ်ကို ပြောင်းရွှေ့ရတယ်လို့ အိပ်မက်လျှင် သင့်စီးပွားရေးအောင်မြင်ပြီး အိမ်တွင်းရေးသာယာ လိမ့်

mgyoe.com
မယ်။ လက်မထပ်ရသေးသူဆိုပါက မကြာမီ လက်ထပ်ရလိမ့်မယ်။ လယ်သမားများအတွက်တော့ ကောက်ပဲသီးနှံပေါများလိမ့်မယ်။

Abortion / Miscarriage( ကိုယ်ဝန်ပျက်ကျခြင်း)

အမျိုးသမီးတစ်ယောက်က ကိုယ်ဝန်ပျက်ကျတာကို မြင်မက်လျှင် ကျန်းမာရေးညံ့ဖျင်းတတ်သည်။ အမျိုးသားတစ်ယောက် ၎င်း၏ ဇနီးသည် ကိုယ်ဝန်ပျက်ကျသည်ဟု မြင်မက်လျှင် ထိခိုက်ဒဏ်ရာရရှိတတ်သည်။ သူစိမ်းအမျိုးသမီးတစ်ယောက် ကိုယ်ဝန်ပျက်ကျသည်ဟု မြင်မက်ပါက စီးပွားရေး ကျဆင်းတတ်သည်။

Abroad(နိုင်ငံရပ်ခြား)

နိုင်ငံရပ်ခြားသို့ သွားရခြင်း (သို့) နိုင်ငံရပ်ခြား၌ ရောက်ရှိနေသည်ဟု မြင်မက်ပါက အိမ်တွင်းရေး ပြဿနာကြုံတွေ့ရခြင်း (သို့) ချစ်သူ၏ စွန့်ပယ်ခြင်း ခံရတတ်သည်။

Absconding(အိမ်မှထွက်ပြေးခြင်း)

သင့်အိမ်မှ ဘယ်သူမှ မသိဘဲ ထွက်ပြေးလာသည်ကို မြင်မက်ပါက သင့်၌ငွေကြေးအရ ပူပန်စရာများ (သို့) ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းများ ရှိနိုင်သည်။ အိမ်ထောင်မကျသေးသော လူငယ်လူရွယ်များတွင် ရှုံးရှုံးမှုးမှုး ချစ်ရေး ချစ်ရာကိစ္စများ ကြုံတွေ့နိုင်သည်။

Abusing(ဆဲရေးတိုင်းထွာခြင်း)

တစ်စုံတစ်ဦးမှ သင့်ကို ဆဲရေးတိုင်းထွာသည်ဟု မြင်မက်ပါက သင့်၌တစ်ဦးဦးကို အန္တရာယ်ပြုလိုသည့် ရည်ရွယ်ချက်ရှိနေပြီး သင်ကိုယ်တိုင်ဆဲရေးသည်ဟု မက်ပါက သင့်အား အန္တရာယ်ပြုမည့်သူ ရှိနေသည်။
mgyoe.com

mgAbetment(မကောင်းမှုကျူးလွန်ရန်အားပေးခြင်း)

တစ်စုံတစ်ယောက်မှ သင့်အား မကောင်းမှုကျူးလွန်ရန် အားပေးခြင်း(သို့)သင့်ကြောင့် မကောင်းမှုဖြစ်စေခြင်းကိုမြင်မက်ပါကသင်သည် ပြစ်မှုကျူးလွန်ရန် ကြံစည်သူများနှင့် အပေါင်းအသင်းမှားတတ်သည်။

Academy(ပညာသင်ကျောင်း)

သင်သည် အဆင့်မြင့်ပညာသင်ကျောင်းတစ်ခု၌ တက်ရောက်သင်ယူနေရသည်ဟု မြင်မက်ပါက သင်၏ ကြီးကြယ်မြင့်မြတ်လိုသောသဘောကို ရည်ညွှန်းသည်။ သင့်၌ ဂုဏ်သိက္ခာတက်စရာ အကြောင်းပေါ်လိမ့်မည်။



mgyoe.com

mgyoe.com

Accepting a gift(လက်ဆောင်ရခြင်း)

မိတ်ဆွေ (သို့) ဆွေမျိုးသားချင်း တစ်ယောက်ယောက်ထံမှ လက်ဆောင်ရရှိသည် မြင်မက်ပါက ပျော်စရာအကြောင်းအရာ ကြုံတွေ့ရမည်။ အိမ်ထောင်မကျသေးသူများ စောလျင်စွာ အိမ်ထောင်ကျနိုင်သည်။

Acciderit(မတော်တဆထိခိုက်မှု)

မတော်တဆထိခိုက်မှု တစ်ခု၌ သင်ပါဝင်သည်ဟု မြင်မက်ပါက သေခြင်းတရား (သို့) စီးပွားပျက်ခြင်းတို့ကို ညွှန်းဆိုသည်။ သုံးလအတောအတွင်း ခရီးသွားလာခြင်းကို ရှောင်ကျဉ်ရန် သတိပေးချက်လည်းဖြစ်သည်။ အခြားသူတစ်ဦးကို မတော်တဆမှုတွင် မြင်မက်ပါက သာမာန် ပူပန်စရာကိစ္စအချို့နှင့် ဖျားနာခြင်းလောက်သာ ဖြစ်နိုင်သည်။

Accused(တရားစွဲခံရခြင်း)

သင့်အား တစ်စုံတစ်ယောက်မှ တရားစွဲဆိုခြင်း၊ စွပ်စွဲခံရခြင်းကို မြင်မက်ပါက အခက်အခဲအချို့ ကြုံတွေ့ရနိုင်ပြီး လူအချို့က ပူးပေါင်းကြံစည်ပြီး သင့်အား အပြစ်ပုံချရန် အကွက်ဆင်လိမ့်မည်။

Acidity(အက်ဆစ်)

အက်ဆစ်ကြောင့် သင့်၌ အနာတရဖြစ်သည်ဟု မြင်မက်ပါက ရုတ်တရက် နာမကျန်းဖြစ်ခြင်း၊ ဆေးရုံတက်ရခြင်းများ ကြုံတွေ့ရနိုင်သည်။ အိမ်ထောင်မကျသေးသော လူငယ်လူရွယ်များ သတင်းဆိုးကြားရနိုင်ပြီး ရည်းစားနှင့် အဆင်မပြေဖြစ်တတ်သည်။

Acting(သရုပ်ဆောင်ခြင်း)

ရုပ်ရှင်၊ ဗွီဒီယိုကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်ရသည်ဟု အိပ်မက်ပါက သင်သည် မိတ်ဆွေအပေါင်းအသင်းများနှင့်ဆက်ဆံရာတွင်စိတ်နှင့်မဆက်ဆံဘဲဖုံးကွယ်လျှို့ဝှက်ထားသည်ကိုရည်ညွှန်းသည်။

mgyoe.com

mgyoe.com



Actor / Actress (ရုပ်ရှင်မင်းသား၊ မင်းသမီး)

ပါတီပွဲတစ်ခုတွင် ရုပ်ရှင်မင်းသား၊မင်းသမီးတစ်ဦးဦးနှင့် တွေ့ဆုံရသည်ဟု မြင်မက်ပြီး ၎င်းတို့နှင့် သင်သည် တရင်းတနှီးစကားလက်ဆုံ ကျခဲ့သည်ဆိုပါက ကောင်းမွန်သည့် အိပ်မက်မဟုတ်ပါ။ ၎င်းက သင်၏ မိတ်ဆွေအစစ်အမှန်များနှင့် ကင်းကွာပြီး သင်၏ချမ်းသာမှုနှင့် ပျော်ရွှင်မှုတို့ကို သင့်ထံမှ တဖြည်းဖြည်း ဆွဲယူသွားမည့် မိတ်ဆွေ အတုအယောင်များ တွေ့ရမည်ကို ညွှန်ပြသည်။ အချို့ကိစ္စများတွင် ဂုဏ်သိက္ခာကြီးမြင့်မှုကို ညွှန်းဆိုသည်။

mgyoe.com

mgyoe.com

Addict(မူးယစ်ဆေးစွဲသူ)

မူးယစ်စွဲသူတစ်ယောက်ကို မြင်မက်ပါက သင့်အားအပေါင်းအသင်းမများစေရန် သတိပေးချက်ဖြစ်သည်။

Addsessing a meeting(မိန့်ခွန်းပြောခြင်း)

အစည်းအဝေးတစ်ခုတွင် အမှာစကား (သို့) မိန့်ခွန်းပြောကြားရသည်ဟု အိပ်မက်ပါက ရာထူးတိုးခြင်း၊ ပျော်ရွှင်ခြင်းတို့ကို ပြဆိုသည်။ တစ်ခါတစ်ရံ နိုင်ငံရေးအရ အောင်မြင်မှုမျိုးကို ညွှန်ပြသည်။

Admit(ဝင်ခွင့်)

ဆေးရုံတစ်ရုံ၌ သင့်ကို ဝင်ရန်ခွင့်ပြုသည်ဟု မြင်မက်ပါက သင့်စီးပွားရေး ကိစ္စများအား အနှောင့်အယှက်ခံရခြင်းနှင့် ဆုံးရှုံးခြင်း (သို့) ဆေးရုံနှင့် ပတ်သက်သော ကျန်းမာရေးအခြေအနေဆိုးဝါးခြင်းများ ကြုံတွေ့ရနိုင်သည်။ တစ်ခါတစ်ရံတွင် သင့်လူနေမှုဘဝမြင့်မားခြင်းကို ပြဆိုသည်။

Adoption(ကလေးမွေးစားခြင်း)

ကလေးတစ်ယောက်ကို မွေးစားရသည်ဟု မြင်မက်ပါက သင့်လုပ်ငန်းများ တိုးချဲ့ရမည်။ အိပ်မက်မက်သူမှာ အမျိုးသမီးဖြစ်ပါက လက်ထပ်ထိမ်းမြားခြင်း သင်္ကေတဖြစ်သည်။

Aduttery(အိမ်ထောင်ရေးဖောက်ပြန်ခြင်း)

သင်အိမ်ထောင်ရေး ဖောက်ပြန်နေသည်ဟု မြင်မက်ပါက မကြာမီ အချိန်အတွင်း ဆင်းရဲဒုက္ခကြုံတွေ့ရမည်။ သစ္စာဖောက်ခြင်းကိုလည်း ညွှန်ပြသည်။

mgyoe.com

mgyoe.com

Advocate(ရှေ့နေ)

ရှေ့နေ (သို့) ဥပဒေအကျိုးဆောင်တစ်ယောက်ကို မြင်မက်ခြင်းမှာ မကောင်းပါ။ ရာဇဝတ်မှုတစ်ခုကြောင့် စိုးရိမ်ပူပန်ရခြင်းကို ညွှန်ပြသည်။ သို့သော် ရှေ့နေတစ်ဦး သင့်အိမ်မှ ထွက်သွားသည်ကို မြင်မက်ပါက စီးပွားရေး ကိစ္စတွင် အောင်မြင်မှုရရှိခြင်း၊ ဥပဒေရေးရာ တိုင်ပင်ဆွေးနွေးခြင်း ကိစ္စများ ရှိနိုင်သည်။

Affair(ချစ်မှုရေးရာ)

သင်၏ချစ်မှုရေးရာသည် အဆင်ပြေနေသည်ဟု မြင်မက်ပါက စီးပွားရေးနှင့်အချစ်ရေး သာယာခြင်းကို ပြသည်။ အချစ်ရေး အဆင်မပြေဖြစ်နေသည်ဟု မြင်မက်ပါက စီးပွားရေး ယိုယွင်းခြင်း၊ အိမ်ထောင်ရေးမသာယာခြင်းကို ပြသည်။



mgyoe.com

mgyoe.com

Affidavit(စာချုပ်)

စာချုပ်တစ်ခုတွင် လက်မှတ်ထိုးရသည်ဟု မြင်မက်ပါက သင်သည် မကောင်းသော အကြံအစည်တစ်ခုတွင် ပူးပေါင်းဆောင်ရွက်နေသည်ကို ပြသည်။

Afraid(ကြောက်ရွံ့ခြင်း)

အကြောင်းတစ်စုံတရာမရှိဘဲ ကြောက်ရွံ့နေသည်ဟု အိပ်မက်မြင်မက်ပါက သင်၌စိုးရိမ်ပူပန်မှုရှိနေပြီး သာမန်အဖျားအနာမျိုးဖြစ်နိုင်သည်။

Aged person(သက်ကြီးရွယ်အို)

သက်ကြီးရွယ်အိုတစ်ဦးကို မြင်မက်ခြင်းမှာ ကောင်းသောလက္ခဏာ မဟုတ်ပါ။ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်းကို ညွှန်ပြသည်။

Agreement(သဘောတူညီချက်)

သဘောတူညီချက်တစ်ခုကို လက်မှတ်ထိုးရသည်ဟု မြင်မက်ပါက သင်နှင့် မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးသားချင်းများအကြား ပြဿနာများကို အလျှော့ပေးလိုက်ရသည်ကို ညွှန်ပြသည်။ တစ်ခါတစ်ရံ ကုန်သွယ်စီးပွားရေး တိုးတက်မှုကို ဆိုလိုသည်။

AIDS(AIDS ရောဂါ)

သင် (သို့) အမျိုးသမီးတစ်ဦးဦး၌AIDS ရောဂါဝေဒနာခံစားနေရသည်ကို မြင်မက်ပါက သင်၏စီးပွားရေးနှင့် အိမ်တွင်းရေးမသာယာသော အခြေအနေကို ညွှန်ပြသည်။ အပြင်းအထန် ဖျားနာနေခြင်းကိုလည်း ညွှန်းဆိုသည်။

mgyoe.com

mgyoe.com



Air craft (လေယာဉ်ပျံ)

လေယာဉ်ပျံဖြင့် ခရီးသွားရခြင်း (သို့) လေယာဉ်ပျံ တစ်စင်းကို မြင်မက်ခြင်းသည် သင်၏ ရည်ရွယ်ချက်နှင့်အကြံအစည်များအောင်မြင်ခြင်းကို ပြသည်။

Air (လေ)

လေထဲတွင် လွတ်လပ်ပေါ့ပါးစွာ လမ်းလျှောက်ရသည့်ကို မြင်မက်ပါက သင်၏ကြီးမားသော ပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ အမှုနိုင်ခြင်း၊ အချစ်သစ်ရရှိခြင်း၊ ပြိုင်ဘက်များအပေါ် အောင်နိုင်ခြင်းကို ပြသည်။

Alarm (အချက်ပေးသံ)

အချက်ပေးခေါင်းလောင်းသံကြားရသည်ဟု မြင်မက်ပါက အတွင်းလူ၏ မကောင်းကြံမှု ခံရတတ်သည်။

Alcohol (အရက်)

အိပ်မက်ထဲတွင် အရက်သေစာသောက်သုံးသည်ဟု မြင်မက်ပါက သင်သည် မကောင်းသည့်သူများနှင့် ပေါင်းသင်းဖြစ်နေပြီး

mgyoe.com

သင်၏ပြိုင်ဘက်များမှ သင့်အား အကျပ်အတည်းကြုံရအောင် ကြံစည်နေကြသည်ကို ရည်ညွှန်းသည်။သင်တစ်ဦးတည်းမဟုတ်ဘဲ အခြားသူများနှင့် အတူတကွ သောက်သည်ကို မြင်မက်ပါက အောင်မြင်မှုတစ်ခုကို အောင်ပွဲခံခြင်းကို ပြဆိုသည်။

Alive( အသက်ရှင်ခြင်း)

သင်္ချိုင်းမှ အသက်ပြန်လည်ရှင်သန်လာသည်ဟု မြင်မက်ပါက သင်၏ ရပ်ဆိုင်းနေသော စီးပွားရေးလုပ်ငန်းများ အသစ်တစ်ဖန်ပြန်လည် ရှင်သန်လာပြီး ဝေးကွာနေသော မိတ်ဆွေများနှင့် ပြန်လည်သင့်မြတ်လာလိမ့်မည်။

Allure(ညှို့ဓာတ်ရှိခြင်း)

သင့်ကို အိပ်မက်ထဲ၌ ဆွဲဆောင်မှုရှိသော ညှို့ဓာတ်ရှိသော ပုံစံမျိုးမြင်တွေ့ရပါက သင်သည် အလိမ်ခံရခြင်း၊ ချစ်သူတွေ့ခြင်းများ ရှိနိုင်သည်။

Almighty(ဘုရားသခင်)

ဘုရားသခင်အား စကားပြောရသည်ဟု အိပ်မက်မြင်မက်ပါက သင့်အား သတိပေးခြင်း၊ ကောင်းချီးပေးခြင်းဖြစ်သည်။ သင်၏ ပြဿနာများ မကြာမီ ရှင်းလင်းပေးလိမ့်မည်။

Almonds(ဗာဒံစေ့)

ဗာဒံစေ့များကို အိပ်မက်မက်ပါက ပျော်ရွှင်မှုနှင့် ချမ်းသာကြွယ်ဝမှုကို ရည်ညွှန်းသည်။ အိမ်ထောင်မကျသေးသူများ အိမ်ထောင်ကျမည့် အလားအလာရှိသည်။

Ambulance(လူနာတင်ကား)

လူနာတင်ကားတစ်စီးကို အိပ်မက်မက်ပါက သူ၏အိမ်သား


တစ်ယောက်ယောက် ဖျားနာနိုင်သည်။ သင်၏ မိတ်ဆွေသားချင်း
mgyoe.com
တစ်ဦးဦးထံမှ အကူအညီ တစ်ခုခုရမည့်ကိုလည်း ညွှန်ပြသည်။

American(အမေရိကန်)

အမေရိကန်နိုင်ငံသား တစ်ယောက်နှင့် စကားပြောဆိုရသည်ဟု အိပ်မက်မက်ပါက အကယ်၍ သင်သည်လုပ်ငန်းရှင်တစ်ဦးဖြစ်ပါက အမေရိကသို့ ကုန်ပစ္စည်းများတင်ပို့ရန် စိတ်ပါဝင်စားနေသည်ကိုပြသည်။ သို့မဟုတ်ပါက အမေရိကန်နိုင်ငံသို့ ခရီးထွက်ခွာရလိမ့်မည်။

Ammunition(လက်နက်များ)

အိပ်မက်ထဲတွင် လက်နက်များကို မြင်မက်ပါက သင့်ပြိုင်ဘက်များက သင့်အား လျှို့ဝှက်စွာ တိုက်ခိုက်ရန် ကြံစည်ခြင်း (သို့) သင်မှ သင့်ပြိုင်ဘက်များကို တိုက်ခိုက်ရန် ကြံစည်ခြင်းကို ညွှန်ပြသည်။



Amputation(ခွဲစိတ်ဖြတ်တောက်ခြင်း)

ခြေလက်အင်္ဂါများ ခွဲစိတ်ဖြတ်တောက်ခြင်းကို မြင်မက်ပါက သင့်ရန်သူများမှ သင်၏ပျော်ရွှင်မှုနှင့် စီးပွားချမ်းသာကို သိမ်းယူရန်ကြံစည်နေသည်ကို ညွှန်ပြသည်။ သင်၏ ညီအစ်ကို (သို့) သူငယ်ချင်းတစ်ဦးဦးကို ဆုံးရှုံးရတတ်သည်။

mgyoe.com

m g
Ancestors(ဘိုးဘွားမိဘများ)

သင်၏ သေဆုံးသွားသော ဘိုးဘွားမိဘများကို အိပ်မက်တွင် မြင်တွေ့ရပါက သင်သည်လုပ်ငန်းအသစ်တစ်ခုကို မစတင်မီ ပညာရှင်အချို့ကို တိုင်ပင်ဆွေးနွေးသင့်သည်။ အိပ်မက်ထဲတွင် ဘိုးဘွား မိဘများကို ဆုံတွေ့ရခြင်းမှာ သတိပေးချက်တစ်ခုဖြစ်သည်။

Anchor(ကျောက်ဆူး)

အိပ်မက်ထဲတွင် ကျောက်ဆူးကို မြင်မက်ပါက ဘဝအပြောင်းအလဲရှိသည်ကို ညွှန်ပြပြီး မိတ်ဆွေ အပေါင်းအသင်းများထံမှ အကူအညီများ ရရှိနိုင်သည်။

Angel(နတ်သား၊ နတ်သမီး)

နတ်သား၊ နတ်သမီးများနှင့် အိပ်မက်တွင် ဆုံတွေ့ရပါက ကောင်းမွန်သော လက္ခဏာဖြစ်သည်။ ရန်အပေါင်းကင်းရှင်းခြင်း၊ ပြန်လည်ကျန်းမာလာခြင်း၊ စီးပွားတိုးတက်ခြင်းကို ရည်ညွှန်းသည်။

Ants(ပုရွက်ဆိတ်များ)

ပုရွက်ဆိတ်များကို အိပ်မက်ပါက မကောင်းပါ။ ကံမကောင်းခြင်း၊ စီးပွားကျဆင်းခြင်း၊ နာမကျန်းဖြစ်ခြင်းကို ဖော်ညွှန်းသည်။



mgyoe.com


m gyoe.com

Ape(လူဝံ)

လူဝံ (သို့) မျောက်ဝံကို အိပ်မက်မြင်မက်ပါက ကျန်းမာရေး ချို့တဲ့ခြင်း၊ ပူပန်စရာများခြင်းကို ညွှန်ပြသည်။ သင့်ပြိုင်ဘက်များနှင့် ပတ်သက်သော ကိစ္စများကို ပိုမို ဂရုစိုက်သည်။

Apple tree(ပန်းသီးပင်)

အခက်အလက်ပြည့်စုံသော ပန်းသီးတစ်ပင်တွင် ပန်းသီးများ ရင့်မှည့်ပြီး သီးနေသည်ကို မြင်မက်ပါက အခွင့်အရေး ကောင်းတစ်ခု သင့်လက်တစ်ကမ်းမှာ ရှိနေသည်ကို ညွှန်ပြသည်။ ချစ်ခြင်း မေတ္တာနှင့် ပေါ်များကြွယ်ဝခြင်းကိုလည်း ညွှန်းဆိုသည်။



Appreciation(နှစ်ခြိုက်သဘောကျခြင်း)

အိပ်မက်တွင် နှစ်ခြိုက်သဘောကျခြင်း၊ ချီးမြှောက်ခြင်းခံရပါက

mgyoe.com

mgyoe.com
ရာထူးတိုးခြင်း (သို့) မိတ်ဆွေအပေါင်းအသင်းများ၏ ချီးကျူးခြင်းကို ခံရတတ်သည်။



Am - missing(လက်တစ်ဖက်မဲ့ခြင်း)

လက်တစ်ဖက်ပျောက်ခြင်း၊ (သို့) ဖြတ်ထုတ်ရခြင်းကို မြင်မက်ပါက သင့်အမျိုးသမီး၏ စွန့်ခွာခြင်း (သို့) ကွာရှင်းခွင့်တောင်းခံခြင်းကို ခံရတတ်သည်။ ညီအစ်ကို (သို့) မိတ်ဆွေအပေါင်းအသင်း တစ်ယောက်ယောက်ကို ဆုံးရှုံးရတတ်သည်။

Arrow(မြား)


မြားကို မြင်မက်ပါက သင်၏စီးပွားရေးလုပ်ငန်းကို ပျက်စီးရန် ကြံစည်သူရှိနေသည်ကို ပြသည်။ ၎င်းမြားပျောက်ကွယ်သွားသည်ကို မြင်မက်ပါက ကောင်းမွန်သည့် လက္ခဏာဖြစ်သည်။

mgyoe.com

Ashes(အခိုးအငွေ့များ)

စက်ရုံ၊အဆောက်အအုံ၊ အိမ်တစ်ခုခုမှ မီးခိုးများထွက်လာသည်

ကို တွေ့မြင်ရသည်ဟု အိပ်မက်ပါက လူမှုစီးပွားရေး ပျက်စီးကျရှုံးခြင်းကို ဖော်ပြသည်။ တစ်ခါတစ်ရံတွင် ဖျားနာခြင်းကို ညွှန်ပြသည်။



Award (ဆု)

သင့်အား ဆုချီးမြှင့်ခြင်းခံရသည်ဟု မြင်မက်ပါက စာမေးပွဲအောင်မြင်ခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ ရည်ရွယ်ချက်ပြည့်ဝခြင်းကို ဖော်ညွှန်းသည်။

❑

mgyoe.com

mgyoe.com

B

Baby(ကလေးငယ်)

သင့်သားငယ်၊ သမီးငယ်ကို ပွေ့ချီထားသည်ဟု မြင်မက်ပါက ပိုမိုကြီးလေးသော တာဝန်များကို ထမ်းဆောင်ရလိမ့်မည်။ မလိုလားအပ်သော ပြဿနာအချို့ကိုလည်း ရည်ညွှန်းသည်။

Back of a nude(ကျောဗလာ)

အဝတ်အစားမဲ့ အမျိုးသား (သို့) အမျိုးသမီးတစ်ဦးဦး၏ နောက်ပိုင်းကို မြင်မက်ခြင်းသည် သင့်မိတ်ဆွေ (သို့) လုပ်ဖော်ကိုင်ဖက် တစ်ဦးဦး၏ လိမ်ညာလှည့်စားခြင်း ခံရမည်။ ခွဲခွာခြင်း ပုံရိပ်လည်း ဖြစ်သည်။ ကျန်းမာရေးနှင့် ပျော်ရွှင်မှုကို ထိခိုက်ပျက်စီးစေတတ်သည်။

Badminton (ကြက်တောင်)

အိပ်မက်ထဲတွင် ကြက်တောင်ရိုက်ကစားသည်ကို မြင်မက်ပြီး သင်၏ပြိုင်ဘက်ကို အနိုင်ရသည်ဆိုပါက သင့်ရန်သူများအပေါ် အလုံးစုံ အောင်မြင်မှုရရှိလိမ့်မည်။ ကြိုးစားထားသမျှအရာရာ အဆင်ပြေလိမ့်မည်။

Bags cortaining Silver wins(ငွေအိတ်)

ငွေထုတ်ငွေအိတ်များကို အိပ်မက်တွင်မြင်မက်ခြင်းသည်

mgyoe.com

m ကြွယ်ဝချမ်းသာခြင်း၊အိမ်တွင်းရေးသာယာခြင်း၊ မကြာသော အနာဂတ်ကာလတွင် အောင်မြင်မှုများရရှိခြင်းကို ဖော်ညွှန်းသည်။

Bags(အိတ်များ)

သင့်လက်ထဲတွင် ဘာမှမပါသော အိတ်ဗလာကို ကိုင်ထားသည်ကိုမြင်မက်ပါက စီးပွားရေးဆုံးရှုံးမှုကို ပြသည်။ စားစရာသောက်စရာနှင့် သစ်သီးဝလံများ အပြည့်ထည့်ထားသော အိတ်ကို ကိုင်ဆွဲလာရသည်ကို မြင်မက်ပါက စီးပွားဥစ္စာတိုးတက်ခြင်းကို ဆိုလိုသည်။

Balcony(လသာဆောင်)

သင်သည် လှပသော လသာဆောင်ပေါ်တွင် မတ်တပ်ရပ်နေသည်ကို မြင်မက်ပါက စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဘက်စုံတိုးတက်မည်ကို ပြသည်။

Balloon(မိုးပျံပူဖောင်း)

ကောင်းကင်တွင် မိုးပျံပူဖောင်းများ မြင့်တက်သွားသည်ကို မြင်မက်ပါက သင်အလိုရှိနေသောအရာတစ်ခု သင့်ထံမှ တစ်ပါး သူ့လက်သို့ ရောက်ရှိသွားလိမ့်မည်။

Bamboo(ဝါးပင်)

ဝါးပင်၊ ဝါးလုံး (သို့) ဝါးဖြင့်ပြုလုပ်သော အရာဝတ္ထုများကို မြင်မက်ပါက မိတ်ဆွေကောင်းများကို တစ်စုတစည်းထဲ ရရှိခြင်း၊ ဆုံတွေ့ရခြင်းကို ပြသည်။

Bananas(ငှက်ပျော်သီး)

ငှက်ပျော်သီးများ ဝယ်ယူခြင်း၊ လက်ဆောင်ရခြင်းကို မြင်မက်ပါက ကံကောင်းခြင်းကိုပြသည်။ အမှည့်လွန်ငှက်ပျောသီးများကိုင်ထားသည်ကို မြင်မက်ပါက စီးပွားရေးအရ စိတ်ဓာတ်ကျဆင်း

mgyee.com

ခြင်းကို ပြသသည်။

Bank (ဘဏ်)

သင်သည် ဘဏ်တစ်ခုအတွင်းသို့ ဝင်ရောက်ပြီး ပိုက်ဆံ အပ်နှံနေသည်ကို မြင်မက်ပါက ကောင်းသော လက္ခဏာဖြစ်သည်။ သင်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာမည့် လက္ခဏာ ဖြစ်သည်။ နိုင်ငံရပ်ခြားနှင့် ကူးသန်းရောင်းဝယ်ရာတွင် တိုးတက်မှု ရှိမည်။

Banner in year hand (နဖူးစည်းစာတန်း)

နဖူးစည်းစာတန်းတစ်ခုကို သင်လက်ထဲတွင် ကိုင်မြှောက်ထားသည်ဟု မြင်မက်ပါက လူချစ်လူခင်ပေါများခြင်း၊ ဂုဏ်သိက္ခာကြီးမြင့်ခြင်းကို ညွှန်ပြသည်။

Barrier (အရံအတား)

အိပ်မက်ထဲတွင် လမ်းပေါ်၌ သင်ကားမောင်းသွားစဉ် အရံအတားများ ပိတ်ဆို့ထားသည်ကို မြင်မက်ပါက သင်၏စီးပွားရေးလုပ်ငန်းတွင် အနှောင့်အယှက်များ ကြုံတွေ့ရနိုင်ပြီး ပြိုင်ဘက်များ၏ အကွက်ချ တိုက်ခိုက်ခြင်း ခံရနိုင်သည်။



Bathing(ရေချိုးခြင်း)

မြစ်၊ ရေကန်၊ ရေတွင်းမှ သန့်ရှင်းသောရေကို ချိုးရသည်ကို မြင်မက်လျှင် စီးပွားတက်ခြင်း၊ ရာထူးတိုးခြင်း၊ စာမေးပွဲအောင်မြင်ခြင်းကို ပြသည်။ မကောင်းသော ရေ (သို့) ပုလောင်သောရေကို ချိုးရသည်ကို မြင်မက်ပါက ဒုက္ခအခက်အခဲ၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို ပြသသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးမှ ရေချိုးသည်ကို မြင်မက်ပါက ကိုယ်ဝန်ပျက်ခြင်း ရည်ညွှန်းသည်။




Bats(လင်းနို့)

သစ်ပင်တွင် ဇောက်ထိုးဆွဲနေသော လင်းနို့များ (သို့) သင့်အနီးတစ်ဝိုက်တွင် လင်းနို့များပျံဝဲနေသည်ကို မြင်မက်ပါက ကံမကောင်းခြင်း၊ စိတ်ညစ်စရာများ ကြုံတွေ့ရခြင်း၊ ဂုဏ်သိက္ခာကျဆင်းခြင်း၊ အသည်းအသန် နာမကျန်းဖြစ်ခြင်း၊မတော်တဆထိခိုက် ဒဏ်ရာရခြင်း အပြင် မိသားစုဝင် တစ်ဦးဦးပါ ဆုံးပါးရတတ်သည်။ အလွန်အရေးကြီးသော နမိတ်ပုံဖြစ်သည်။

mgyoe.com

mgyoe.com



Bear(ဝက်ဝံ)

ဝက်ဝံတစ်ကောင်ကို မြင်မက်ပါက ပြိုင်ဘက်များထံမှ အန္တရာယ်ပြုမည့် အရိပ်လက္ခဏာကို သတိပေးခြင်းဖြစ်သည်။ ဝက်ဝံသေတစ်ကောင် (သို့) သင်က ဝက်ဝံကို သေအောင် သတ်လိုက်သည်ကို မြင်မက်ပါက သင့်ရန်သူများကို နှိမ်နင်းနိုင်ပြီး စိုးရိမ်စရာများမှ သက်သာရမည်။

Beautiful woman(လှပသော မိန်းမပျို)

လှပသော မိန်းမပျိုတစ်ယောက်ကို မြင်မက်ပါက စီးပွားရေး



mgyoe.com


အောင်မြင်ဖြစ်ထွန်းခြင်း၊ အခြားသူများနှင့် အတွင်းကျကျ ရင်းနှီးချစ်ခင်ခြင်းကို ဖော်ဆောင်သည်။

Bed(အိပ်ရာ)

အိပ်ရာအသစ်ကို မြင်မက်ပါက အိမ်ရာအသစ်၊ ချစ်သူ အသစ် (သို့) အနာဂတ်ဘဝသာယာခြင်းကို ပြသသည်။

Bees(ပျား)

ပျားများကို မြင်တွေ့ရပါက ကံကောင်းခြင်း၊ ကျန်းမာရေး၊ စီးပွားရေး အဆင်ပြေခြင်းကို ပြသသည်။ သို့သော် သင်က ၎င်းတို့အား အန္တရာယ်ပေးသည်ကို မြင်မက်ပါက မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ ကြုံတွေ့နိုင်သည်။



Beggars crowd of(သူတောင်းစားအုပ်စု)

အိပ်မက်ထဲတွင် သူတောင်းစားအုပ်စုတစ်စုကို တွေ့ပြီး ၎င်းတို့အား သင်က တစ်စုံတစ်ခုပေးကမ်းသည်ကို မြင်မက်ပါက သင်ကြွေးမြီပေးရန် ရှိသူများထံမှ ဖိအားပေးခြင်းကို ခံရလိမ့်မည်။ သင်၏ စေတနာ

mgyoe.com



ထားလုပ်ဆောင်မှုများ အလဟဿဖြစ်မည်။ ဂုဏ်သရေ ညှိုးနွမ်းမည်။ စီးပွားကျဆင်းမည်။

Bell(ခေါင်းလောင်း)

ခေါင်းလောင်းထိုးသံ (သို့) တံခါးဘဲလ်မြည်သံကို မက်ပါက ဝမ်းနည်းစရာအဖြစ်အပျက်ကို ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရှယ်ယာထည့်ဝင်ထားခြင်းမျိုး မပြုလုပ်ရန် သတိပေးချက်လည်း ဖြစ်သည်။

Birds(ငှက်)

လေထဲတွင် ပျံသန်းနေသော ငှက်များကို မြင်မက်ပါက သင်၏ ရည်မှန်းချက်များ အောင်မြင်ထမြောက်ရေးအတွက် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရမည်။ လှောင်အိမ်ထဲတွင် ဖမ်းထားသော ငှက်များကို မြင်မက်ပါက သင်၏ကြိုးပမ်းမှုများ ရာနှုန်းပြည့် အောင်မြင်မှုရလိမ့်မည်။

mgyoe.com

Birth of a child( ကလေးမွေးဖွားခြင်း)

mgyoe.com

ကလေးတစ်ယောက်မွေးဖွားခြင်းကို မြင်မက်ပါက အမွေရရှိခြင်း လုပ်ငန်းတိုးတက်ခြင်းကို ဖော်ညွှန်းသည်။

Birthday celebrotion of (မွေးနေ့)

သင်၏မွေးနေ့အထိန်းအမှတ်ပွဲ ကျင်းပသည်ဟု မြင်မက်ပါက ကျန်းမာရေးညံ့ဖျင်းခြင်း၊ အသက်တိုခြင်းကိုပြသည့် လက္ခဏာရပ်ဖြစ်သည်။

Bishop(ပုပ်ရဟန်းမင်း)

ပုပ်ရဟန်းမင်းကို မြင်မက်ခြင်းမှာ ကောင်းသော လက္ခဏာမဟုတ်ပေ။ မိသားစုအတွင်းတွင် စိတ်မကောင်းစရာများ အဖြစ်အပျက်ကြုံတွေ့ရနိုင်သည်။

Black(အနက်ရောင်)

အနက်ရောင် အရာဝတ္ထု၊ အနက်ရောင်ရှိသော တိရစ္ဆာန်၊ အနက်ရောင်ဝတ်ဆင်ထားသော အမျိုးသမီးတို့ကို မြင်မက်ပါက ဆိုးဝါးသော အဖြစ်အပျက်များ၊ ဝမ်းနည်းဖွယ်ရာ ကိစ္စများ ကြုံတွေ့ရလိမ့်မည်။

Black out(မီးပျက်ခြင်း)

ရုတ်တရက် မီးပျက်ခြင်းကဲ့သို့သော အမှောင်ကို မြင်မက်ပါက ရုတ်တရက် ဆုံးရှုံးမှုတစ်စုံတစ်ရာရှိနိုင်သည်။ အိပ်မက် မပြီးစီးမီ အလင်းရောင်ကို ပြန်မြင်ရသည်ဆိုပါက မျှော်လင့်ချက်နှင့် အောင်မြင်မှုကို ရည်ညွှန်းသည်။

Blanket(ခြုံစောင်)

ခြုံစောင်တစ်ထည်ကို သယ်ယူလာသည်ဟု အိပ်မက်မက်ပါက

mgyoe.com

mကျန်းမာရေးညှဲ့ဖျင်းခြင်း၊ ကံနိမ့်ခြင်းကို ပြသသည်။ တစ်ခါတစ်ရံတွင် ဉစ္စာပစ္စည်းတိုးပွားခြင်းအဖြစ် မှတ်ယူသည်။

Blast(ဗုံးပေါက်ကွဲခြင်း)

အပြင်းအထန် ဗုံးပေါက်ကွဲခြင်း ဖြစ်ပွားသည်ကို မြင်မက်ပါက အလွန်ဝမ်းနည်းစရာ အဖြစ်အပျက်မျိုးစုံ ကြုံတွေ့ရတတ်သည်။ ခင်မင်ရသော သူငယ်ချင်း မိတ်ဆွေတစ်ဦးဦးနှင့် ခွဲခွာရတတ်သည်။ သေခြင်းတရားကို ဖော်ညွှန်းသည်။

Bless(ဆုမွန်ကောင်း)

ဘိုးဘွား မိဘတစ်ဦးဦးထံမှ ဆုမွန်ကောင်းရရှိသည်ဟု မြင်မက်ပါက ကံကောင်းခြင်းလက္ခဏာဖြစ်သည်။ အဘက်ဘက်မှအောင်မြင်မှု ရရှိမည်။

Blood / Bleeding(သွေးထွက်သံယိုဖြစ်ခြင်း)

သင်၏ခန္ဓာကိုယ်မှ သွေးထွက်သည်ကို မြင်မက်လျှင် ဆွေမျိုးသားချင်းတစ်ဦး၏ မတော်တဆ ထိခိုက်မှု၊ သေဆုံးမှု သတင်းကြားရတတ်သည်။ ဤအိပ်မက်ကို မနက်အစောပိုင်းတွင် မြင်မက်ပါက ထိခိုက်မှုသည် ၁၀ ရက်အတွင်း ဖြစ်ပွားနိုင်သည်။

Boat(လှေ)

မြစ် (သို့) ရေကန်အတွင်း၌ ရပ်ထားသော လှေတစ်စင်းစင်းကို မြင်မက်လျှင် မိတ်ဆွေအပေါင်းအသင်းများ၏ လိမ်ညာလှည့်ဖျားခြင်း ခံရတတ်သည်။ သင်၏ပဲ့ကိုင်မှုဖြင့် သွားနေသော လှေကိုမြင်မက်လျှင် အနည်းငယ် ရုန်းကန်ပြီးမှ အောင်မြင်မှုကို ရရှိမည်။ သူငယ်ချင်း၊ ဆွေမျိုးသားချင်းများနှင့်လည်း အတိုက်အခံပြုရမည်။ အဆုံးတွင် အောင်မြင်မှုရရှိမည်။

mgyoe.com

Bald - headed(ထိပ်ပြောင်ခြင်း)

mgyoe.com

ထိပ်ပြောင်နေသော လူတစ်ယောက် (သို့) သင်၏ဆံပင်များ ပျောက်ဆုံးခြင်း ကျွတ်သွားခြင်းကို မြင်မက်လျှင် ဆုံးရှုံးမှုများနှင့် စိုးရိမ်ပူပန်စရာများ (သို့) ဆင်းရဲဒုက္ခအချို့ ရင်ဆိုင်ရမည်။

Bones(အရိုး)

လူ (သို့) တိရစ္ဆာန်တို့၏ အရိုးများကို အစုလိုက်သော်လည်းကောင်း၊ ပြန့်ကျဲလျက်သော်လည်းကောင်း၊ အိပ်မက်တွင်မြင်တွေ့ပါက သင့်အားအဆုံးစွန်အထိ ဒုက္ခပေးမည့်သူရှိနေပြီဆိုသည့် သတိပေးချက်ဖြစ်သည်။ ဆာလောင်ခြင်း၊ ငတ်မွတ်ခြင်းကိုလည်း ဖော်ဆောင်သည်။



mgyoe.com

mgyee.com

Books(စာအုပ်)

စာကြည့်တိုက် (သို့) သင်၏ လက်ထဲရှိ စာအုပ်များကို မြင်မက်ခြင်း စာဖတ်နေသည်ကို မြင်မက်ခြင်းသည် ဆုတံဆိပ်နှင့်အောင်မြင်မှုကို ရည်ညွှန်းသည်။

Box(သေတ္တာ)

အဖိုးတန် ပစ္စည်းများ အပြည့်ပါဝင်သော သေတ္တာတစ်လုံးကို မြင်မက်လျှင် ဥစ္စာပစ္စည်းပေါများခြင်းကို ဖော်ညွှန်းသည်။ အခွံသက်သက် သေတ္တာကို မြင်မက်လျှင် သင်၏ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးလိမ့်မည်။

Bracelet in arm(လက်ကောက်)

သင်၏လက်တွင် လက်ကောက်ဝတ်ဆင်ထားသည်ကို မြင်မက်ပါက ချစ်မှုရေးရာနှင့် လက်ထပ်ထိမ်းမြားခြင်းကို ဖော်ညွှန်းသည်။ ချစ်သူအသစ် ရရှိခြင်း (သို့) ရာထူးတိုးဝင်ခြင်းများ ရှိနိုင်သည်။

Branch of a tree (သစ်ကိုင်း)

သစ်ကိုင်း သစ်ခက်ကို မြင်မက်ခြင်းသည် ပစ္စည်းဥစ္စာများ တကွဲတပြားဖြစ်ခြင်း၊ စီးပွားရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရခြင်း၊ နာမည်ပျက်ခြင်းများ ကြုံရနိုင်သည်။

Bread(ပေါင်မုန့်)

ပေါင်မုန့်ကို သင်၏လက်ထဲတွင် ကိုင်ထားသည်ဟု မြင်မက်ပါက ငွေဝင်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းကို ဖော်ဆောင်သည်။

Bribery(လာတ်ပေးလာဘ်ယူခြင်း)

သင်သည် လာဘ်ပေး လာဘ်ယူမှုပြုလုပ်နေသည်ဟု မြင်မက်လျှင် သင့်၌ အန္တရာယ်တစ်စုံတစ်ခု ရှိနေသည်ကို ပြသည်။

mgyee.com

mgyoe.com

Bride (သတို့သမီး)


သတို့သမီးတစ်ယောက်ကို မြင်မက်လျှင် အိမ်တွင်းရေး အဆင်မပြေဖြစ်ခြင်း၊ ကျန်းမာရေးညံ့ဖျင်းခြင်းကို ပြသည်။ အကယ်၍ သတို့သမီးသည် သင်၏ အိမ်အတွင်းသို့ ဝင်ရောက်လာသည်ဟု မြင်မက်ပါက ထိမ်းမြားခြင်းနှင့် ကံကောင်းခြင်းကို ပြသည်။

Broom (တံမြက်စီး)

သင့်အိမ်အား တံမြက်စည်းအသစ်ဖြင့် လှည်းကျင်းနေသည်ကို မြင်မက်ပါက အသစ်ပြုလုပ်ထားသော လုပ်ငန်းကိုင်ငန်းများကို ဆုံးရှုံးမှုများ ရှိနိုင်သည်။

Buffalo (ကျွဲ)


ကျွဲတစ်ကောင်ထံမှ နို့ညှစ်ယူသည်ကို မြင်မက်လျှင် သင်၏ ပြိုင်ဘက်များအပေါ် အနိုင်ရလိမ့်မည်။ အိပ်မက်ထဲတွင်သင့်အားအထိအကိုင်မခံသော ကျွဲကိုမြင်မက်လျှင် သင့်ပြိုင်ဘက်များမှ သင့်အား ဒုက္ခပေးရန် ကြံစည်နေခြင်းကို ပြသည်။



mgyoe.com

Bulls (နွားရိုင်း)

နွားရိုင်းတစ်ကောင်ကို မြင်မက်ခြင်းသည် ကြိုးစားသမျှ အရာမထင်ခြင်းကို ပြသည်။



Bush(ချုံ)

ဆူးဖြင့်လွှမ်းသော ချုံပုတ်ကို မြင်မက်ခြင်းသည် သင့်ကိုယ်သင် အခက်အခဲကျအောင် တွန်းပို့နေခြင်းရှိသည်ကို ပြသည်။

Bus (ဘတ်စ်ကား)

သင်ဘတ်စ်ကားတစ်စီးစီးနေသည်ကို မြင်မက်ပါကအိမ်တွင်း ရေးသာယာခြင်း၊ သောကများ ငြိမ်းအေးခြင်းကို ဖော်ညွှန်းသည်။

mgyoe.com

mgyoe.com

**Butter (ထောပတ်)**

သင်၏လက်ထဲတွင် ထောပတ်များရှိနေသည်ကို မြင်မက်ပါက ကြိုးစားမှုများ အောင်မြင်ခြင်း၊ ဝင်ငွေရရှိခြင်းကို ပြသည်။

**Buyer (ဈေးဝယ်သူ)**

အိပ်မက်ထဲတွင် သင်၏ဆိုင်၌ ဈေးဝယ်သူအမြောက်အမြားရှိနေသည်ကို မြင်မက်ပါက သင်၏စီးပွားရေးနှင့် ဂုဏ်သိက္ခာတိုးတက်စရာအကြောင်း ပေါ်လာလိမ့်မည်။

**Buying (ဈေးဝယ်ခြင်း)**

သင့်အတွက် အကျိုးဖြစ်ထွန်းမည့် ပစ္စည်းတစ်ခုကို ဝယ်ယူနေသည်ဟု မြင်မက်ပါက ဝင်ငွေ အမြောက်အမြား ရရှိလိမ့်မည်။

❑

mgyoe.com

mgyoe.com

# C

Cabbage(ဂေါ်ဖီထုပ်)

ဂေါ်ဖီထုပ်များကို မြင်မက်ခြင်းသည် အိမ်တွင်းရေးသာယာ အဆင်ပြေခြင်းကို ပြဆိုသည်။

Cab(အငှားကား)

သင်သည် အငှားကားဖြင့် ခရီးသွားသည်ကို မြင်မက်ပါက အစစအရာရာ တိုးတက်ကောင်းမွန်ခြင်းကို ဆိုလိုသည်။

Cactus(ရှားစောင်းပင်)

ရှားစောင်းပင်ကို မြင်မက်ပါက စွပ်စွဲခံရခြင်း၊ အငြင်းပွားရခြင်းနှင့် ကျန်းမာရေးညံ့ဖျင်းခြင်းများ ရှိနိုင်သည်။ အိမ်ထောင်ရေး ပြိုကွဲခြင်းကို ပြသည့် နိမိတ်ပုံလည်း ဖြစ်သည်။

Cage(လှောင်အိမ်)

လှောင်အိမ်၊လှောင်ချိုင့်ကို မြင်မက်ပါက အချုပ်အဖမ်းခံရနိုင်သည်။ ခွဲခွာမှုကို ဖော်ညွှန်းသည်။

mgyoe.com

mgyane.com

Cake(ကိတ်မုန့်)

သင့်၌ စားစရာကိတ်မုန့်များရှိသည်ဟု မြင်မက်ခြင်းသည် ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းကို ရည်ညွှန်းသည်။

camels(ကုလားအုတ်)

သဲကန္တာရရှိ ကုလားအုတ်ကို မြင်မက်လျှင် စိတ်ပျက်စရာများပြီးနောက် မျှော်လင့်ချက်ရှိလာခြင်းကို ဖော်ညွှန်းသည်။ နာမကျန်းသူဖြစ်ပါက ပြန်လည်ကျန်းမာခြင်းကို ပြသည်။ ကံကောင်းသည့် နိမိတ်ပုံဖြစ်သည်။

Canal- Muddy (ရွှံ့ထူသောတူးမြောင်း)

ရွှံ့ညွှန့်ထူထပ်သော တူးမြောင်းကို မြင်မက်ပါက အစာအိမ်နှင့်ပတ်သက်သော ရောဂါ ဖြစ်ပွားတတ်သည်။

Candles - burning (ဖယောင်းတိုင်)

မီးထွန်းညှိထားသော ဖယောင်းတိုင်တစ်တိုင် (သို့) ဖယောင်းတိုင်များကို မြင်မက်လျှင် ပျော်ရွှင်ချမ်းမြေ့ခြင်းကို ရည်ညွှန်းသည်။

Cane(ကြံ)

သန်စွမ်းလှပသော ကြံခင်းကိုမြင်မက်ခြင်းသည် အလုပ်အကိုင်တိုးတက်ခြင်းကို ပြသည်။ ကြံပင်များကို ခုတ်ပိုင်းနေသည်ကို မက်လျှင်ကျရှုံးခြင်းကို ဆိုလိုသည်။ သိုလှောင်ထားသော ကြံများအား မက်လျှင်ပေါများခြင်းကို ဖော်ညွှန်းသည်။

Cap(ဦးထုပ်)


ဦးထုပ်အဖြူ (သို့) အခြား အရောင်ရှိ ဦးထုပ်တစ်လုံးကိုသင်ဆောင်းထားသည်ကို မြင်မက်လျှင် ကံကောင်းသည့် နိမိတ်ဖြစ်ပြီးဆုလာဘ်ရရှိခြင်း၊ ရာထူးတိုးခြင်းများ ရှိနိုင်သည်။ အမဲရောင် ဦးထုပ်

mgyane.com

ကို ဝတ်ဆင်ထားသည်ကို မြင်မက်ပါက မိသားစုအတွင်းရှိ တစ်စုံတစ်ဦး နာမကျန်း ဖြစ်တတ်သည်။

Car(ကား)

ကားအသစ်တစ်စီးကို မောင်းရသည်ဟု မြင်မက်ပါက သင့်အတွက် ထူးဆန်းအံ့အားသင့်စရာ အကြောင်းပေါ်လိမ့်မည်။ ကားစီးနေစဉ် ပျက်သွားသည်ကို မြင်မက်ပါက လုပ်ငန်းများ ဆုံးရှုံးခြင်း၊ စိတ်ညစ်စရာအကြောင်း ကိစ္စများ ကြုံတွေ့ခြင်း ရှိလိမ့်မည်။



Carnival (ဝတ်စုံအဆန်းအပြား ဝတ်ဆင်သည့်ပွဲတော်)

ဝတ်စုံ အဆန်းအပြားများ ဝတ်ဆင်ပြီး ဝတ်ရသည့် ပွဲတော်တစ်ခုကို အိပ်မက်မက်ပါက အိမ်အပြောင်းအရွှေ့ပြုလုပ်ရခြင်း၊ ရာထူး၊ ဌာန၊ အပြောင်းအလဲရှိခြင်း၊ ဥစ္စာပစ္စည်း မတည်မြဲခြင်းတို့ကို ညွှန်းဆိုသည်။

Carpet(ကော်ဇော)

ကော်ဇောအသစ်ကို မြင်မက်ပါက အိမ်နေရာအသစ် ပြောင်းရွှေ့မည့် အစီအစဉ် ပြုလုပ်ရမည်။ အမြတ်အစွန်း၊ အပေါင်းအသင်း သူငယ်ချင်းကောင်းများနှင့် ပျော်ရွှင်မှုတို့ကိုလည်း ရည်ညွှန်းသည်။

mgyee.com

Carrot (မုန်လာဥနီ)

အစုလိုက်ပုံထားသော မုန်လာဥနီများကို မြင်မက်ပါက ကျန်းမာချမ်းသာခြင်းကို ညွှန်ပြသည်။ မုန်လာဥနီစားနေသော အမျိုးသမီးတစ်ယောက်ကို မြင်မက်ပါက အိမ်ထောင်စောစောပြုရခြင်းနှင့် အခြားပျော်ရွှင်စရာ ကိစ္စအချို့ကို ညွှန်ပြသည်။

Cashew nuds (သီဟိုဠ်စေ့)

သင့်အိမ်မီးဖိုချောင်တွင် သီဟိုဠ်စေ့အများအပြားရှိသည်ဟု မြင်မက်ပါက ချမ်းသာကြွယ်ဝခြင်းနှင့် ကံကောင်းခြင်းများကို ညွှန်ပြသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအဖို့ အလုပ်အကိုင် တိုးတက်မည်။

Castle (ရဲတိုက်)

သင့်ပိုင်နက်အတွင်းတွင် ရဲတိုက်တစ်လုံးရှိသည်ဟု အိပ်မက်မက်ပါက သင်၏လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရမည်။ နာမည်ဂုဏ်သတင်းကြီးခြင်းကိုလည်း ညွှန်ပြသည်။ အကယ်၍ ရဲတိုက်တစ်လုံးကို မြင်ရသည်ဟု မြင်မက်ပါက စိတ်ကူးရည်ရွယ်ချက် အထမြောက်မည့် အလားအလာဖြစ်သည်။

Cattle (ကျွဲအုပ်၊ နွားအုပ်)

သင့်ပိုင်နက်အတွင်းတွင် ကျွဲအုပ်၊ နွားအုပ် စသည်တို့ကို မြင်မက်ပါက စည်းစိမ်ဥစ္စာတိုးခြင်းနှင့် ပျော်ရွှင်စရာ ကိစ္စများကို ရည်ညွှန်းသည်။

Cat (ကြောင်)

ကြောင်တစ်ကောင်၊ အထူးသဖြင့် အနက်ရောင်ရှိသော ကြောင်တစ်ကောင် မြင်မက်ပါက ကျန်းမာရေးချို့တဲ့မည့် လက္ခဏာဖြစ်သည်။ သင်၏ခွေးမှ ကြောင်ကို နောက်ကလိုက်သည်ဟု မြင်မက်ပါက

mgyee.com

mgyoe.com
သင့်ကျန်းမာရေး ချို့တဲ့မှုကို ကူညီစောင့်ရှောက်မည့်သူရှိကြောင်းကို ပြသည်။ အော်နေသော ကြောင်ကို အိပ်မက်တွင် မြင်မက်ပါက အပေါင်းအသင်း သူငယ်ချင်းများ၍ ဒုက္ခတွေ့နိုင်သည်။

Cave(ဥမင်၊ လှိုဏ်ခေါင်း)

ဥမင်၊ လှိုင်ခေါင်းတစ်ခုအတွင်း၌ သင်ရောက်ရှိနေသည်ဟု မြင်မက်ပါက သင့်အား အန္တရာယ်တစ်စုံတစ်ရာကျရောက်မည့် လက္ခဏာကို ညွှန်ပြသည်။

Ceremany(ပွဲလမ်းအခမ်းအနား)

ပွဲလမ်းအခမ်းအနားတစ်ခုကို မြင်မက်ပါက ပျော်ရွှင်စရာ အဖြစ်အပျက်များနှင့် ကြုံတွေ့ရမည်။ စီးပွားရေး တိုးတက်မှုရှိမည်။ လက်မထပ်ရသေးသော မိန်းမပျိုဖြစ်ပါက အိမ်ထောင်ကျကိန်းရှိသည်။

Charcoal (မီးသွေး)

သင်သည် မီးသွေးဖြင့် မီးဖိုနေသည် (သို့) ဖိုထားသော မီးသွေး မီးဖိုတို့ကို အိပ်မက်တွင် မြင်မက်ပါက ကံဇာတာ ကောင်းမည့် လက္ခဏာဖြစ်သည်။ မီးသွေးများ စုပုံထားသည်ကို မြင်တွေ့ပါက အခြေအနေ တစ်ခုခုအား အသစ်တဖန်ပြန်လည် စတင်ရမည်။

Chariol - riding (စစ်ရထား)

သင်သည် စစ်ရထားကို မောင်းနှင်ရသည် (သို့) စစ်ရထားပေါ်သို့ တက်ရသည်ကို မြင်မက်ပါက ကံကောင်းမည့် အချိန်အပိုင်းအခြားသို့ ရောက်ရှိနေပြီး ဥစ္စာ ပစ္စည်းတိုးပွားလိမ့်မည်။

Cheese - eating( ချိစ့်)

သင်သည် ချိစ့်စားနေသည်ဟု မြင်မက်ပါက မကြာမီကာလအတွင်း စိတ်ညစ်စရာ စိတ်အနှောင့်အယှက်ဖြစ်စရာ ဆုံးရှုံးမှုများ
mgyoe.com

mgyoe.com
ရှိနိုင်သည်ကို ညွှန်ပြသည်။ ချိစ်ကိုဝယ်ယူသည်ကို မက်ပါက ကောင်းသော လက္ခဏာဖြစ်သည်။ စီးပွားတိုးမည်။

Cherry (ချယ်ရီသီး)

ချယ်ရီသီးများကို မြင်မက်ပါက ပျော်ရွှင်ခြင်း၊ ချစ်ခြင်း၊ မေတ္တာနှင့် လက်ထပ်ကိန်းထိမ်းမြားခြင်းကို ရည်ညွှန်းသည်။ ချယ်ရီသီးများကို စားသုံးရသည်ဟု မြင်မက်ပါက အိမ်တွင်းရေး ပြဿနာအချို့နှင့် နာဖျား မကျန်းမာမှုကို ရည်ညွှန်းသည်။

Chess(စစ်တုရင်)

စစ်တုရင်ကစားရသည်ဟု မြင်မက်ပါက ကောင်းမွန်သည့် လက္ခဏာဖြစ်သည်။နှစ်သိမ့်ကျေနပ်စရာများ ကြုံတွေ့ရမည်။ စစ်တုရင် ကစားရင်း သင့်ရှုံးနိမ့်သွားရသည်ကို မြင်မက်ပါက သင့်ပြိုင်ဘက်၏ အနိုင်ယူမှုကို ခံရခြင်း (သို့) စီးပွားရေး ကျဆင်းခြင်းတို့ ကြုံတွေ့ရမည်။

Child, sick (နာမကျန်းသော ကလေးငယ်)

နာမကျန်းသော ကလေးငယ်ကို မြင်မက်ပါက စိတ်မချမ်းသာစရာ အဖြစ်အပျက်များ၊ စိုးရိမ်ပူပန်စရာများ ကြုံတွေ့ရမည်။ အရေးကြီးသော သတိပေးချက်ဖြစ်သည်။

Children (ကလေးများ)

ပန်းခြံဥယျာဉ်တစ်ခုအတွင်း၌ ကလေးများ ကစားနေကြသည်ဟု မြင်မက်ပါက အိမ်တွင်းရေး အဆင်ပြေသာယာလိမ့်မည်။ အချို့အခြေအနေများတွင် လက်ထပ်ထိမ်းမြားခြင်း ညွှန်းဆိုသည်။

Chill (အအေးလွန်ကဲခြင်း)

သင်သည် အိမ်မက်ထဲတွင် ထူးထူးကဲကဲ အအေးဒဏ်ကို ခံစား
mgyoe.com

mgyo.com
ရသည်ဟု မြင်မက်ပါက မမျှော်လင့်သော အန္တရာယ်မျိုးကျရောက်နိုင်သည်။

Christmas ( ခရစ္စမတ်)

ခရစ္စမတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနေသည်ဟု အိပ်မက်တွင် မြင်မက်ပါက ပျော်စရာအဖြစ်အပျက်များနှင့် ကြုံတွေ့ရမည်။ သို့သော် ရန်သူများ၏ မမြင်ရသော အန္တရာယ်ပေးမှုများလည်း ကြုံရနိုင်သည်။

Church (ဘုရားကျောင်း)

ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို မြင်မက်ပါက ကြီးမား သော အောင်မြင်မှုများရရှိမည်။ သင်၏ဦးတည်ချက်လဲ ပြောင်းလဲသွား လိမ့်မည်။

Cirurs (ဆပ်ကပ်)

ဆပ်ကပ်ပွဲတစ်ပွဲကို ကြည့်ရသည်ဟု မြင်မက်ပါက သင့်လုပ်ငန်းခွင်ရှိ ပြိုင်ဘက်များကို ထိန်းချုပ်နိုင်ရန် အကြံကောင်းရလိမ့်မည်။

Climbing a green hill
(စိမ်းလန်းသော တောင်ကုန်းပေါ်သို့တက်ခြင်း)

အိပ်မက်ထဲတွင် သင်သည် စိမ်းလန်းသော တောင်ကုန်းတစ်ခု ပေါ်သို့ တက်ရသည်ဟု မြင်မက်ပါက အလုပ်အကိုင် အစီအစဉ်သစ်များ လုပ်ဆောင်ရပြီး အောင်မြင်မှုများ ရရှိမည် ဖြစ်သည်။ ပျော်ရွှင်စရာများ ကြုံတွေ့ရမည်။

Climbing a hill (တောင်ကုန်တစ်ခုသို့တက်ခြင်း)

တောင်ကုန်းတစ်ခုပေါ်သို့ တက်ရသည်ဟု အိပ်မက်တွင် မြင်မက်ပါက သင်၏ ကြိုးပမ်းအားထုတ်မှုကို ရည်ညွှန်းသည်။ အကယ်၍ အိပ်မက်ထဲတွင် တောင်ထိပ်ပေါ်အထိ ရောက်ရှိပြီး
mgyoe.com